**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**တိုကျိုမြို့**

**The Kubota Fund ပညာသင်ဆု လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားခြင်း**

၁။ The Kubota Fund မှ ၂၀၂၃-၂၀၂၄ ခုနှစ်အတွက် ပေးအပ်မည့် ပညာသင်ဆုအား လျှောက်ထားနိုင်ကြောင်း Managing Committee of the Kubota Fund က မြန်မာသံရုံးသို့ အသိပေး အကြောင်းကြားလာပါသည်။

၂။ အဆိုပါ အကြောင်းကြားစာတွင် ဂျပန်နိုင်ငံရှိ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၊ သုတေသန လုပ်ငန်းများနှင့် တက္ကသိုလ်များတွင် အသီးသီး အလုပ်လုပ်ကိုင်/ ပညာသင်ကြားနေကြသည့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ အင်ဂျင်နီယာပိုင်းဆိုင်ရာ သုတေသီများ၊ အလုပ်သင် သင်တန်းသားများနှင့် ကျောင်းသားများအား The Kubota Fund ပညာသင်ဆု ပေးအပ်ရန် ရည်ရွယ်ပါကြောင်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်၊ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေး လျှောက်ထားနိုင်ကြောင်း ဖော်ပြထား ပါသည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ အရည်အချင်းများ ပြည့်မီရမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်-

(က) ဖွံ့ဖြိုးဆဲနိုင်ငံမှ နိုင်ငံသား ( သို့မဟုတ် ) ဖွံ့ဖြိုးဆဲနိုင်ငံတွင် မွေးဖွားကြီးပြင်းသူ

(ခ) ဂျပန်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းတစ်ခုခုမှ ငှားရမ်းထားသူ ( သို့မဟုတ် ) သုတေသန/ ပညာရေး/ သင်တန်းနှင့် သက်ဆိုင်သည့် အဖွဲ့အစည်းတစ်ခုခုတွင် တရားဝင် စာရင်းသွင်းထားသူ၊

(ဂ) အင်ဂျင်နီယာပိုင်းဆိုင်ရာ ( အထူးသဖြင့် မြို့ပြအင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ လယ်ယာစိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အင်ဂျင်နီယာ၊ စွမ်းအင်ဆိုင်ရာ အင်ဂျင်နီယာ၊ ဇီသုကာပညာ၊ ဖွံ့ဖြိုးတိုးတက်မှုစီးပွားရေး စသည့် ) နှင့်ပတ်သက်၍ တက္ကသိုလ်တစ်ခုခုတွင် တက်ရောက်နေသူ/ သုတေသနလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူ(သို့မဟုတ်) သုတေသနလုပ်ငန်း လုပ်ကိုင်ဆောင်ရွက် မည့်သူ၊

(ဃ) ထောက်ပံ့ကြေး လက်ခံနေစဉ်အတွင်း ပြည်ပနိုင်ငံသို့ သွားရောက်၍ သုတေသန ပြုလုပ်ရန်၊ အပြည်ပြည်ဆိုင်ရာညီလာခံတက်ရောက်ရန်နှင့် မိခင်နိုင်ငံသို့ ခေတ္တ သွားရောက်ရန်ကိစ္စရပ်များမှအပ ဂျပန်နိုင်ငံတွင် နေထိုင်ရမည်ဖြစ်ကြောင်း၊

(င) အလုပ်လုပ်ကိုင်နေသည့် အဖွဲ့အစည်း ( သို့မဟုတ် ) သက်ဆိုင်ရာကျောင်းမှ ကြီးကြပ်သူ၏ ထောက်ခံစာ တင်ပြရမည်ဖြစ်ကြောင်း။

၄။ အဆိုပါ The Kubota Fund ချီးမြှင့်ရန်အတွက် (၁၂)ဦး ရွေးချယ်သွားမည်ဖြစ်ပြီး ထောက်ပံ့ကြေးအား ၂၀၂၃ ခုနှစ်၊ ဧပြီလမှ ၂၀၂၄ ခုနှစ်၊ မတ်လအထိ တစ်လလျှင် ယန်း ၈၀,၀၀၀/- မှ ယန်း ၁၀၀,၀၀၀/- အထိ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ၁၆-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ https://mypage.3050.i-webs.jp/kbt2023/ သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များ သိရှိလိုပါက http://www.kubota-fund.org/ သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ တိုကျိုမြို့

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်